# Windows 7 Installation ထည့်သွင်းနည်း

Posted by **sawlinux** on 10:51 AM




ဘာရယ်တော့မဟုတ်ပါဘူး။ အားတာနဲ့ မိမိသိထားတဲ့အကြောင်းအရာလေးတွေကိုလိုအပ်မည့်ပုဂ္ဂိုလ်တွေအတွက် ဝင်းဒိုး 7 အင်စတောထည့်သွင်းနည်းလေးရေးလိုက်အုံးမယ်။ Windows 7 Installation ထည့်သွင်းနည်းက အင်္ဂလိပ်လိုရေးထားတဲ့ဆိုက်တွေအများကြီးပေါ့ဗျာ။ ဒါမေပယ့် မြန်မာလိုသိပ်မတွေ့သေးတာနဲ့ရေးလိုက်အုံးမယ်လေ။ မြန်မာလိုရေးပြီးသားဆိုက်တွေလည်းရှိမှာပါ။ ကျနော်မတွေ့တာလဲဖြစ်မယ်။ ဘာဖြစ်လေရေးသားချင်းစတိုင်လ် သာမတူနေမှာသဘောတရားကတော့ အတူတူပါပဲ။ ဒီနေရာမှာ အင်စတောထည့်သွင်းနေစဉ် ပါတေးရှင်းပိုင်းပုံလေးပါ အသေးစိတ်ထည့်သွင်းဖေါ်ပြပေးသွားမှာဖြစ်တယ်။ သိပြီးသား ပုဂ္ဂိုလ်များအတွက်မထူးပေမယ့် မသိသေး

သောပုဂ္ဂိုလ်များအတွက်တော့အတိုင်းတာတစ်ခုထိတော့ အကျိုးရှိလိမ့်မယ်မျှော်လင့်ပါတယ်။

Windows 7 Installation ထည့်သွင်းနည်းကိုသိရင် Window Vista Installation ထည့်သွင်းနည်းပါသိသွားတာ

ပေါ့။ တကယ်တော့ဝင်းဒိုးအင်စတောလုပ်တယ်ဆိုတာ တစ်ချို့လုပ်နေကျမဟုတ်တော့ အတော်ခက်တယ်လို့

ထင်ကြပါတယ်။အဓိကအချက်က လက်တွေ့လုပ်ဆောင်ဖို့ပါပဲ။ တစ်ချို့နေရာမှာအခက်အခဲရှိကောင်းရှိနိုင်

ပါတယ်။

ဥပမာ...BootSet up တက်ဖို့ နှိပ်ရမည့် ကီးဘုတ်ပေါ်က ကီးတွေဟာ စက်ရဲ့အမျိုးအစားလိုက်တစ်လုံးနဲ့တစ်လုံး

မတူပါဘူး။အများစုက F2, Delete ကီးတွေနှိပ်ရပါတယ်။ HP Compaq စက်တွေမှာ အများအားဖြင့် F10, နှိပ်ပြီး
သူ့ရဲ့Boot Priority ကိုရှာပြီး first boot device ကို ဝင်ချိန်းရပါတယ်။ ဒါကတော့ အ ကြမ်းဖျင်းအနေနဲ့
ပြောတာပါ။ အဓိကအားဖြင့် Boot Set up ဝင်ဖို့ရန် နှိပ်ရမည့်ကီးကိုသိချင်ရင် မိမိ စက်ဖွင့်ဖွင့်ချင်း ပေါ်လာတဲ့
screen မှာညွှန်ပြလေ့ရှိပါတယ်။
အဲဒါကိုကြည့်ပြီး Boot Set up ကို ဝင်ရပါတယ်။ တစ်ချို့စက်တွေမှာ မိမိစက်ဖွင့်ဖွင့်ချင်းပေါ်လာတဲ့ screen မှာ
ဘယ်ကီးနှိပ်ရမလဲဆိုတာ တွေ့ဖို့အင်မတန်မျက်စိလည်စရာကောင်းပါတယ်။ အဲလိုဆိုရင် စက်ဖွင့်ဖွင့်ချင်း
ဒါမှမဟုတ်Restart ထပ်ခါလုပ်ပြီး F2, Delete, F10, စသည် တစ်ခုချင်းလိုက်စမ်းကြည့်ပါ။ တစ်ခုခုတော့ Boot
Setup menu ပေါ်လာပါလိမ့်မယ်။

**ဥပမာ-**
**AMI - F1, Del, Ctrl+S**
**AST - Ctrl+Alt+Esc**
**Award - F1, F2, Del, Ctrl+Alt+Enter**
**Compaq- F10**
**Phoenix - F2, Ctrl+Alt+Esc, Ctrl+Alt+R, Ctrl+Alt+Ins, Ctrl+Alt+Q, Ctrl+Alt+F1, Ctrl+Alt+(+), Ctrl+Alt+(-)**
**IBM - PS1 Ctrl+Alt+I** A စရှိသည်ဖြင့် ကွဲပြားနိုင်ပါတယ်။

ကဲ...ဒါဆို ( CD/DVD Drive နဲ့ A င်စတောထည့်သွင်းနည်းကို ) စကြရေA ၁င်....
ဝင်းဒိုး 7 DVD ခွေကို ကွန်ပျူတာ CD/DVD Drive ထဲသို့ ထည့်လိုက်ပါ။ပြီးတော့ စက်ကို Restart ချပါ။
စက်ပြန်တက်လာတာနဲ့ မိမိစက်မှာ Boot Set up ဝင်ရမည့် A ထက်ပါကီးတစ်ခုခုကိုနှိပ်ထားပါ။
Boot Sep up menuကို ဝင်လိုက်။ First Boot Device မှာ CD Room ကို ရွေးပါ။ ပြီးတော့F10 ကို နှိပ်ပြီး Enter
ခေါက်။ (ဒီနေရာမှာလည်း တစ်ချို့စက်က Y/N တို့ပေါ်လာတတ်ပါတယ် A ခြေA နေ
ကြည့်ပြီး save ဖို့ Y ကိုသာနှိပ်)ခဏကြာ Press Any Key.......ဆိုပြီးပေါ်လာပါလိမ့်မယ်။ ချက်ချင်း Enter
ကိုခေါက်ပါ မနောက်ကျစေနဲ့ (နောက်ကျတာနဲ့ ဝင်းဒိုးဟောင်းတက်လာမယ်)

**အဆင့် (၁)**

ပထမအဆင့်တွေ့ရမယ့်ပုံက ဝင်းဒိုးဖိုင်တွေစတင်စစ်ဆေးပြီး ထည့်သွင်းမှုကိုလုပ်ဆောင်တဲ့ပုံဖြစ်ပါတယ်။
ထိုင်ကြည့်ရှုပါပဲ။**အောက်ကပုံအတိုင်း...**




**အဆင့် (၂)**

ဝင်းဒိုး 7 Starting sreen ပုံပေါ်လာတာတွေ့ရပါလိမ့်မယ်။ ဒါလဲ ထိုင်ကြည့်ရှုပါပဲ။
အောက်ကပုံအတိုင်း...




**အဆင့် (၃)**

မိနစ်အနည်းငယ်အကြာ ဝင်ဒိုးအင်စတောပြုလုပ်မည့် language စသည် ရွေးချယ်ရန် ဝင်းဒိုး Prompt
ပေါ်လာမည်။ ရှိတဲ့အတိုင်းထားပြီး Next ကိုနှိပ်။
**အောက်ကပုံအတိုင်း..**




**အဆင့် (၄)**

နောက်ပြီး အင်စတောထည့်သွင်းဖို့ Install Screen ပေါ်လာလိမ့်မယ်။ Install ကိုသာ နှိပ်ပါ။ (အောက်က Repair your window ဆိုတာ မိမိက Recovery cd, System Restore Image, Window cd တွေကို Restore ပြန်လုပ်ချင်တယ်ဆိုရင် အဲဒီ Repair your window ဆိုတာကို နှိပ်ရပါမယ်။ ဒီနေရာမှာတော့ မလိုပါဘူး။ Install ကိုသာ နှိပ်ပါ။

အောက်ကပုံအတိုင်း...




**အဆင့် (၅)**

Accept the license terms, Screen ပါပဲ။ accept ကို တစ်ခြစ်ပြီး Next ကိုသာဆက်နှိပ်။

ေA ၁က်ကပုံ




အဆင့် (၆)

နောက်တစ်ဆင့်တွင် ဝင်းဒိုးအင်စတောထည့်သွင်းမည့် အမျိုးအစားကိုရွေးချယ်ဖို့ပါပဲ။ Upgrade နဲ့ Custom နှစ်ခုတွင် Custom ကိုသာရွေးပါ။ ဘာဖြစ်လို့လဲဆိုတော့ HDD အသစ်ကိုပါတေးရှင်းခွဲမှာဖြစ်သည့်အတွက် Custom ကိုသာရွေးပြီးနှိပ်ပါ။

အောက်ကပုံ...




အဆင့် (၇)

ဒီအဆင့်မှာ ဘယ်နေရာတွင်ဝင်းဒိုးအင်စတောလုပ်မလဲဆိုတဲ့ Screen ပေါ်လာမှာဖြစ်ပါတယ်။ အခုပြနေတဲ့ပုံက GB 40 ရှိတဲ့ HDD တစ်လုံပေါ့။ Unallocated Space ပြသောအားဖြင့် ပါတေးရှင်းမပိုင်းချင်ဘူးဆိုရင် Next ကို နှိပ်လိုက်တာနဲ့ Installation စတင်လုပ်ဆောင်တော့မှာဖြစ်ပါတယ်။

ဒီနေရာမှာ သိထားရမှာက အကယ်၍ ဝင်းဒိုးတင်ထားတဲ့ HDD တစ်လုံးဆိုရင် C/ D Drive တွေကို

(a)partition 1

(2)partition 2

(3)partition 3 စသည် ဆိုပြီး ပေါ်နေမှာဖြစ်ပါတယ်။ အဲလိုအနေအထားမျိုးမှာ (2)partition 2

(3)partition 3 ပါတေးရှင်းအသစ်ပြန်ပိုင်းချင်ရင် select တစ်ခုစီပေးပြီး Delete, New, Format

အစဉ်အတိုင်းလုပ်ဆောင်ရတော့မည်ဖြစ်တယ်။

အခုက GB 40 ရှိတဲ့ Unallocated Space HDD ဆိုတော့ delete လုပ်စရာလိုမည်မဟုတ်ပါ။ ဒါဆို
အောက်ကပုံမှာပါရှိတဲ့ Drive option (advance) ဆိုတာကို နှိပ်။




အဆင့် (၈)
ထိုနောက် function bottom အမျိုးမျိုးတွေ့ပါလိမ့်မယ်။ပါတေးရှင်းအသစ်ပိုင်းမှာဖြစ်သည့်
အတွက် New ကိုဆက်နှိပ်ပါ။ အောက်ကပုံအတိုင်း...




အဆင့် (၉)
နောက် screen တစ်ခုမှာ size ဘောက်စ်အတွင်းမှာ မိမိပိုင်းချင်တဲ့ပါတေးရှင်းကို MB အရေအတွက်
ရိုက်ထည့်ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ GB နဲ့ MB အရေအတွက်ဆိုတာက 1GB ဆို MB 1000။ GB 20 ဆိုရင်
MB 20000 ပေါ့ဗျာ။ ဘယ်နှစ်ပိုင်း ပိုင်းချင်လဲ မိမိပေါ်မူတည်ပါတယ်။ ပိုင်းချင်တဲ့ပါတေးရှင်းအရေအတွက်ကို
ကိုယ့်မှာရှိတဲ့ ဟတ်ဒစ် MBနဲ့ စား လိုက်ပေါ့။ ဥပမာ...MB 40000 ကို 2 နဲ့စား
လိုက်ရင် ၂၀၀၀၀ ဆီ ဖြစ်သွားမယ်လေ။ ကဲ...ဒါဆို size အကွက်ထဲမှာ မိမိထည့်မယ့် HDD ရဲ့ MB ကိုရိုက်ထည့်။
ပြီတော့ apply ကိုနှိပ်။




အဆင့် (၁၀)

ထိုနောက် Window Features မှန်မှန်ကန်ကန်လုပ်ဆောင်နိုင်ရန် ဝင်းဒိုးက System file အတွက် additional partition တစ်ခု ဖန်တီးပေးမှာဖြစ်ကြောင်း Massage box တစ်ခုပေါ်လာမယ်။ အဲဒါက Window 7 Reserved partition လို့လဲခေါ်ပါတယ်။ MB 100 လောက်ရှိပါတယ်။ OK ကိုနိုပ်။




အဆင့် (၁၁)

အခု အောက်ပါပုံအတိုင်း ပိုင်းပြီးသားပါတေးရှင်း (၃) ခုရှိတာ တွေ့ရမှာဖြစ်ပါတယ်။

(၁) Disk partition 1, reserved partition

(2) Disk partition 2, primary partition

(3) Disk partition 3, unallocated partition

ဒီနေရာမှာ အဓိကသိထားရမှာက ဝင်းဒိုးတင်ရမည့် ပါတေးရှင်းပဲဖြစ်ပါတယ်။ Disk partition 2, primary partition မှာ ဝင်းဒိုးတင်ရမှာဖြစ်ပါတယ်။ Disk partition 2, primary partition ဝင်းဒိုး ထည့်သွင်းရမှာဖြစ်သည့်အတွက် Disk partition 2, primary partition ရွေးပြီး Format ကိုနိုပ်ပါ။ Data တွေ ပျက်ဆီးနိုင်ကြောင်း သတိပေးမက်စေ့ဂျ်ဘောက်စ်ပြားပေါ်လာမည်။ OK နိုပ်။




နောက်ပြီး (3) Disk partition 3, unallocated partition ကိုလည်း ဒီနေရာမှာ Format တစ်ခါတည်းချင်ရင် Disk partition 3, unallocated partition ကိုရွေးပြီး Format ကိုနှိပ်ပါ။
မက်စေ့ဂျ်ဘောက်စ်ပြားပေါ်လာရင် OK ကိုသာနှိပ်။

အားလုံးပြီးလျှင် ဝင်းဒိုးကို Disk partition 2, primary partition မှာတင်မှာဖြစ်သည့်အတွက် Disk partition 2, primary partition ကို ပြန်ရွေးပြီး Next ကိုဆက်နှိပ်ပါ။

အဆင့် (၁၂)

Next ကိုနှိပ်ပြီးတာနဲ့ ဝင်းဒိုး 7 ထည့်သွင်းမှုကို စတင်ပါလိမ့်မယ်။ ဝင်းဒိုး DVD ကနေ HDD ထဲကို ဝင်းဒိုး မီဒီယာဖိုင်စတင်ထည့်သွင်းမှုကိုစတင်နေပါပြီ....ဒီအချိန်ကပြီး ဘာမှလုပ်စရာမလိုတော့ပဲအေးဆေးအနားယူလို့ရပြီ။




အဆင့် (၁၃)

ကွန်ပျူတာရဲ့ Operation System အတွက် လိုအပ်တဲ့ Update တွေလုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒါလဲ ဘာမှလုပ်စရာမလိုပါဘူး။ ကြည့်နေရုံပါပဲ။




အဆင့် (၁၄)

ပြီးတော့ ဒီအဆင့်မှာ ကွန်ပျူတာက Automatic Reboot A လိုလို Restart ချပါလိမ့်မယ်။ ပြန်တက် ရင် Press any key .....ဆိုတာကို ဘာမှမနှိပ်ပါနဲ့။ နှိပ်မိရင် A စကနေပြန်စပေတော့။

ဒီA တိုင်းပဲကြည့်နေပါ....




A ဆင့် (၁၅)

A ချိန်နည်းနည်းကြာပြီး ဝင်းဒိုးက Reboot နောက်တစ်ကြိမ်ထပ်ပြီး A လိုလို Restart ချပါလိမ့်မယ်။

A ဆင့် (၁၆)

ေA ာက်ပါပုံA တိုင်း ဝင်းဒိုး screen တက်လာမှာဖြစ်ပြီး ထိုနောက် username and the computer's name ရိုက်ထည့်ဖို့ screen ထပ်ပေါ်လာမှာဖြစ်ပါတယ်။ User name, Computer name တို့ကို ရိုက် ထည့်လိုက်ပြီး Next ကိုဆက်နှိပ်







အဆင့် (၁၇)

မိမိကွန်ပျူတာရဲ့ password ထားချင်ရင် ရိုက်ထည့်ပေါ့။ မထားချင်ရင် ဘာမှမရိုက်ပဲ Next ကိုပဲနှိပ်။



အဆင့် (၁၈)

ဝင်းဒိုး CD Key ကိုထည့်ရမယ်။ မိမိ ဝင်းဒိုး စီဒီက Genuine ဖြစ်ရင်တော့ ကီးထည့်ပေါ့။ ကော်ပီ ဝင်းဒိုးဆိုရင်

ဘာမှမရိုက်ထည့်ပါနဲ့ automatically active when I m online လေးထောင့်ကွက်
လေးကို တစ်ခြစ်ထားကို ဖြုတ်ပြီး Next ကိုဆက်နှိပ်။



အဆင့် (၁၉)

နောက်တစ်ဆင့်က use recommended setting ကိုသာရွေးပြီး နှိပ်ပါ။



အဆင့် (၂၀)

ဒါကတော့ Date, time zone တွေကို ရွေးဖို့ဖြစ်ပါတယ်။ မိမိနေထိုင်ရာနိုင်ငံရဲ့နေရာ၊ အချိန်တွေကို ရွေးပြီး Next ပေါ့။



အဆင့် (၂၁)

နောက်တစ်ဆင့်က မိမိအသုံးပြုတဲ့အင်တာနက် location ကိုရွေးဖို့။ တစ်ခုခုကိုရွေးလိုက်ပါ။ ကျနော်က Home Network ကို ရွေးလိုက်တယ်။



အဆင့် (၂၂)

ကဲ...အားလုံးပြီးပါပြီခင်ဗျာ....အောက်ကပုံတွေကတော့ ဝင်းဒိုးရဲ့နောက်ဆုံးထည့်သွင်းမှုနဲ့ ဝင်းဒိုး 7 Desktop ပုံတွေ စတင်ပေါ်လာပါပြီ ဝင်းဒိုး 7 အင်စတောထည့်သွင်းမှုတွေဒီမှာတင် အားလုံးအပြီး သို့တိုင် ရောက်ခဲ့ပါပြီ။ ။






(ဝင်းဒိုး စီဒီခွေကိုထုတ်ပြီး Driver CD ထည့်ပြီးတော့ မောင်းပေးတော့၊ မဂ္ဂရင် အင်တာနက်မှာရှာပြီး ဒေါင်းလုဒ်၊ အင်စတောပေါ့။)

မှတ်ချက်...တစ်စုံတစ်ခုမှားယွင်းမှုရှိခဲ့သော် ကျနော့ရဲ့ ညံ့ဖျင်းမှုကြောင့်သာဖြစ်ပါတယ်ခင်ဗျာ...

အားလုံးပျော်ရွှင်ပါစေ....

**စောလင်းနက်စ်**